ဒုက္ခသည်အသိအမှတ်ပြုလျှောက်ထားရန်ရည်ရွယ်နေသောနည်းပညာအလုပ်သင်သင်တန်းသားများသို့

၂၀၁၈ခုနှစ်၂လ

တရားရေးဝန်ကြီးဌာန၊လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

တရားရေးဝန်ကြီးဌာနသည်ယခုထိတိုင်တရားဝင်နေထိုင်နေသောနိုင်ငံခြားသားမှဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာတင်သွင်းပါက လျှောက်လွှာတင်ပြီး၆လကျော်လျှင် အခြေခံအားဖြင့် အလုပ်လုပ်ခွင့် ခွင့်ပြုချက်ချမှတ်ပေးခဲ့သော်ငြားလည်း၊ ယခုနှစ်၁လပိုင်း၁၅ရက်နေ့မှစ၍ဒုက္ခသည်အသိအမှတ်ပြုလျှောက်ထားသူများအားပေးအပ်သော နေထိုင်ခွင့် ခွင့်ပြုချက်အား ပြန်လည်သုံးသပ်ခဲ့ပါသည်။

နည်းပညာအလုပ်သင်သင်တန်းသားများနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်မှာ အလုပ်သင်ဌာနမှထွက်ခွါခဲ့ပြီးနောက်တွင်၎င်း၊အလုပ်သင်သက်တမ်းပြီးဆုံးပြီးသည့်နောက်တွင်၎င်း ဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာတင်သွင်းပါက လျှောက်လွှာတင်၍၆လကျော်ပြီးသည့်နောက်တွင်လည်း အခြေခံအားဖြင့် အလုပ်လုပ်ခွင့် ခွင့်ပြုချက်ချပေးတော့မည်မဟုတ်ဟုသတ်မှတ်ခဲ့ပါသည်။

မှတ်ချက်(၁) အလုပ်သင်ဌာနတွင်အလုပ်လုပ်နေဆဲဖြစ်သော်ငြားလည်းဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာတင်သွင်းခြင်းပြုလုပ်နိုင်ပါသည်။

မှတ်ချက်(၂) ဒုက္ခသည်စာချုပ်တွင်အကျုံးဝင်သောဒုက္ခသည်ဖြစ်နိုင်ခြေများသူ၊ သို့မဟုတ် မိခင်နိုင်ငံ၏အခြေအနေ အနေအထားများအရ လူသားခြင်းကာကွယ်စောင့်ရှောက်ရန်လိုအပ်နိုင်ခြေများသူများသာလျှင်အလုပ်လုပ်ခွင့်ပြုမည်ဖြစ်သည်။

တဖန် အလုပ်သင်လုပ်ငန်းခွင်၌ နည်းပညာအလုပ်သင်စည်းမျဉ်းဥပဒေအား ချိုးဖေါက်သော အပြုအမူများပြုမူသည်ဟုခံစားရခြင်းနှင့်နည်းပညာအလုပ်သင်သင်တန်းတွင် ဆက်လက် သင်ယူလုပ်ကိုင်ရန် အခက်အခဲ ၊ စိုးရိမ်မှုများရှိ၍ တိုင်ပင်လိုပါက နိုင်ငံခြားသားနည်းပညာအလုပ်သင်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သို့ဆွေးနွေးတိုင်ပင်ပါရန်အကြောင်းကြားအပ်ပါသည်။([နည်းပညာအလုပ်သင်လက်စွဲ] စာမျက်နှာ၆၄အားကြည့်ရှုပါ)